# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၄ - သိက္ခာပဒဝိဘင်္ဂ

## (သိက္ခာပုဒ်တို့ကို ဝေဖန်၍ပြသော သိက္ခာပဒဝိဘင်း)

### ၁ - အဘိဓမ္မာဘာဇနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသော အဘိဓမ္မာဘာဇနီယနည်း)

ငါးပါးသီလအကျဉ်း

ငါးပါးသီလအကျယ် (ပဌမသိက္ခာပုဒ်၊ မဟာကုသိုလ်ပဌမစိတ်)

ဝိရတိသီလ

စေတနာသီလ

မဟာကုသိုလ် ဒုတိယစိတ် စသည်

ဝိရတိသီလ

စေတနာသီလ

ငါးပါးသီလ ဒုတိယသိက္ခာပုဒ် စသည် အကျယ်

မဟာကုသိုလ် ပဌမစိတ်

ဝိရတိသီလ

မဟာကုသိုလ် ဒုတိယစိတ်စသည့် ဝိရတိသီလ

စေတနာသီလ

သမ္ပယုတ္တသီလ

ဒုတိယနည်း ငါးပါးသီလ အကျဉ်း

ဒုတိယနည်း ငါးပါးသီလ အကျယ် (မဟာကုသိုလ် ပဌမစိတ်)

ဝိရတိသီလ

စေတနာသီလ

သမ္ပယုတ္တသီလ

# ၁၄ - သိက္ခာပဒဝိဘင်္ဂ

မဟာကုသိုလ် ဒုတိယစိတ် စသည် အကျယ်

ငါးပါးသီလ ပဌမသိက္ခာပုဒ်

စေတနာသီလ

သမ္ပယုတ္တသီလ

ငါးပါးသီလ ဒုတိယသိက္ခာပုဒ် စသည်

မဟာကုသိုလ် ပဌမစိတ် အကျယ် (ဝိရတိသီလ စသည်)

မဟာကုသိုလ် ဒုတိယစိတ် စသည် အကျယ်

သိက္ခာပဒ၌ သိက္ခာအရ တရားများ

မဟာကုသိုလ် ပဌမစိတ်

မဟာကုသိုလ် ဒုတိယစိတ် စသည်

ရူပကုသိုလ် စသည်

၂ - **ပဉှာပုစ္ဆကနည်း** (အမေးအဖြေပြု၍ ဟောကြားခြင်း)

ငါးပါးသီလတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်း သက်သက်ကိုပြခြင်း

ငါးပါးသီလတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

၁ - တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ပြခြင်း

| | |
|---|---|
| (၁) ကုသလတိက် | (၁၂) ပရိတ္တတိက် |
| (၂) ဝေဒနာတိက် | (၁၃) ပရိတ္တာရမ္မဏတိက် |
| (၃) ဝိပါကတိက် | (၁၄) ဟီနတိက် |
| (၄) ဥပါဒိန္နတိက် | (၁၅) မိစ္ဆတ္တတိက် |
| (၅) သံကိလိဋ္ဌတိက် | (၁၆) မဂ္ဂါရမ္မဏတိက် |
| (၆) ဝိတက္ကတိက် | (၁၇) ဥပ္ပန္နတိက် |
| (၇) ပီတိတိက် | (၁၈) အတီတတိက် |
| (၈) ဒဿနတိက် | (၁၉) အတီတာရမ္မဏတိက် |
| (၉) ဒဿနဟေတုတိက် | (၂၀) အဇ္ဈတ္တတိက် |
| (၁၀) အာစယဂါမိတိက် | (၂၁) အဇ္ဈတ္တာရမ္မဏတိက် |
| (၁၁) သေက္ခတိက် | (၂၂) သနိဒဿနတိက် |

# ၁၄ - သိက္ခာပဒဝိဘင်္ဂ

## ၂ - ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

(၁) ဟေတုဒုက်
(၂) သဟေတုကဒုက်
(၃) ဟေတုသမ္ပယုတ္တဒုက်
(၄) ဟေတုသဟေတုကဒုက်
(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်
(၆) နဟေတုသဟေတုကဒုက်

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်
(၈) သင်္ခတဒုက်
(၉) သနိဒဿနဒုက်
(၁၀) သပ္ပဋိဃဒုက်
(၁၁) ရူပီဒုက်
(၁၂) လောကိယဒုက်
(၁၃) ကေနစိဝိညေယျဒုက်

အာသဝဂေါစ္ဆကအဖြေ

(၁၄) အာသဝဒုက်
(၁၅) သာသဝဒုက်
(၁၆) အာသဝသမ္ပယုတ္တဒုက်
(၁၇) အာသဝသာသဝဒုက်
(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်
(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

သံယောဇနဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

ဩဃဂေါစ္ဆကအဖြေ

(၃၂-၃၇) ဩဃဒုက်

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

# ၁၄ - သိက္ခာပဒဝိဘင်္ဂ

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္မဏဒုက်

(၅၆) စိတ္တဒုက်

(၅၇) စေတသိကဒုက်

(၅၈) စိတ္တသမ္ပယုတ္တဒုက်

(၅၉) စိတ္တသံသဋ္ဌဒုက်

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(၆၁) စိတ္တသဟဘူဒုက်

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

(၆၆) အဇ္ဈတ္တိကဒုက်

(၆၇) ဥပါဒါဒုက်

(၆၈) ဥပါဒိန္နဒုက်

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉-၇၄) ဥပါဒါနဒုက်

ကိလေသဂေါစ္ဆကအဖြေ

(၇၅-၈၂) ကိလေသဒုက်

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(၈၇) သဝိတက္ကဒုက်

(၈၈) သဝိစာရဒုက်

(၈၉) သပ္ပီတိကဒုက်

(၉၀) ပီတိသဟဂတဒုက်

(၉၁) သုခသဟဂတဒုက်

(၉၂) ဥပေက္ခာသဟဂတဒုက်

(၉၃) ကာမာဝစရဒုက်

(၉၄) ရူပါဝစရဒုက်

(၉၅) အရူပါဝစရဒုက်

(၉၆) ပရိယာပန္နဒုက်

(၉၇) နိယျာနိကဒုက်

(၉၈) နိယတဒုက်

(၉၉) သဥတ္တရဒုက်

(၁၀၀) သရဏဒုက်

သိက္ခာပုဒ်တို့ကို ဝေဖန်ပြသော

သိက္ခာပဒဝိဘင်း မာတိကာ ပြီးပြီ။

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၄ - သိက္ခာပဒဝိဘင်္ဂ

## (သိက္ခာပုဒ်တို့ကို ဝေဖန်၍ပြသော သိက္ခာပဒဝိဘင်း)

## ၁ - အဘိဓမ္မာဘာဇနီယနည်း

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသော အဘိဓမ္မာဘာဇနီယနည်း)

## ငါးပါးသီလအကျဉ်း

၇၀၃။ သိက္ခာပုဒ်ငါးပါးတို့ကား-

(၁) အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၂) မပေးသည်ကိုယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၃) ကာမဂုဏ်တို့၌ မှားသော အကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၄) မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၅)မူးယစ်မေ့လျော့စေတတ်သော သေ, အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်တို့ တည်း။

------

# သိက္ခာပဒဝိဘင်္ဂ

## ငါးပါးသီလအကျယ်

## ပဌမသိက္ခာပုဒ်

## မဟာကုသိုလ်ပဌမစိတ်

## ဝိရတိသီလ

၇၀၄။ ထိုငါးပါးတို့တွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ အသက်သတ်ခြင်းမှ အကြင် ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝိရတိနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

## စေတနာသီလ

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အကြင် စေ့ဆော်ခြင်း 'စေတနာ'၊ ဗစေ့ဆော်သော အခြင်းအရာ 'သဉ္စေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် စေတနာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္ပယုတ္တသီလ ထိုတွင် အဘယ်သည် အသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် ယှဉ်သော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အကြင် တွေ့ထိမှု "ဖဿ" ။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် ဟု ဆိုအပ်၏။ (၁)

------

# သိက္ခာပဒဝိဘင်္ဂ

## မဟာကုသိုလ် ဒုတိယစိတ်စသည်

## ဝိရတိသီလ

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော၊ ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (၂)

သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အသက်သတ်ခြင်းမှ အကြင် ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် ဟု ဆိုအပ်၏။ (၈)

ကြွင်းသောတရားတို့သည် ဝိရတိနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

## စေတနာသီလ

၇၀၅။ ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

(*) အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏၊ ထိုအခါ၌ အကြင် စေ့ဆော်ခြင်း 'စေတနာ'၊ စေ့ဆော်သော အခြင်းအရာ 'သဉ္စေတနာ'၊ ဗစ့်ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စေတနာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္ပယုတ္တသီလ ထိုတွင် အဘယ်သည် အသက် သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

(*) အကြောင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု အဝိက္ခေပသည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် ဟု ဆိုအပ်၏။

**မှတ်ချက်။** ။ (*) ဤ၌ စေတနာသီလ, သမ္ပယုတ္တသီလတို့၌ မဟာကုသိုလ်ပဌမစိတ်မှ သတ္တမစိတ် အထိ ပေယျာလ မပါဘဲ အကျဉ်းချုံးထားသည်။ အာဒိပေယျာလ ရှိသင့်သည်။

------

# သိက္ခာပဒဝိဘင်္ဂ

## ငါးပါးသီလ ဒုတိယသိက္ခာပုဒ် စသည်အကျယ်

## မဟာကုသိုလ်ပဌမစိတ်

## ဝိရတိသီလ

၇၀၆။ ထိုငါးပါးတို့တွင် အဘယ်သည် မပေးသည်ကို ယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာ ပုဒ် မည်သနည်း။ပ။

ကာမဂုဏ်တို့၌ မှားသော အကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည် သနည်း။

အကြောင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ အကြောင် ဝေးစွာ ရှောင် ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ် ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြောင်းမဲ့ ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့ စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝိရတိနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

စေတနာသီလ ထိုတွင် အဘယ်သည် မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြောင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏၊ ထိုအခါ၌ အကြောင် စေ့ဆော်ခြင်း 'စေတနာ'၊ စေ့ဆော်သော အခြင်းအရာ 'သဉ္စေတနာ'၊ ဇစ့်ဆော်

တတ်သည်၏ အဖြစ် 'သဥ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် စေ့ဆော်ခြင်း စေတနာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္ပယုတ္တသီလထိုတွင် အဘယ်သည် မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် ဟု ဆိုအပ်၏။ (၁)

------

## မဟာကုသိုလ် ဒုတိယစိတ် စသည့် ဝိရတိသီလ

ထိုတွင် အဘယ်သည် မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (၂)

သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏ ထိုအခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ အကြင် ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမန'၊ အကြွင်းမဲ့ သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝိရတိနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

## စေတနာသီလ

၇၀၇။ ထိုတွင် အဘယ်သည် မူးယစ် မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

(✻) အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်သူအား ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏၊ ထိုအခါ၌ အကြင် စေ့ဆော်ခြင်း 'စေတနာ'၊ ဗစ့်ဆော်သော အခြင်းအရာ 'သဉ္စေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် စေတနာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## သမ္ပယုတ္တသီလ

ထိုတွင် အဘယ်သည် မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

(✻) အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အကြင် တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

**မှတ်ချက်။** ။ (✻) စေတနာသီလနှင့် သမ္ပယုတ္တသီလတို့၌ ဒုတိယစိတ်မှ သတ္တမစိတ် အထိ အကျဉ်း ချုံးထားသည်။

------

# သိက္ခာပဒဝိဘင်္ဂ

## ဒုတိယနည်း ငါးပါးသီလ အကျဉ်း

၇၀၈။ သိက္ခာပုဒ်ငါးပါးတို့ကား-

(၁) အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၂) မပေးသည်ကို ယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၃) ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၄) မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၅)မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်တို့ တည်း။

------

## ဒုတိယနည်း ငါးပါးသီလအကျယ်

## မဟာကုသိုလ်ပဌမစိတ်

## ဝိရတိသီလ

၇၀၉။ ထိုငါးပါးတို့တွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ အယုတ် အလတ် အမြတ်ဖြစ်သော လိုလားမှု 'ဆန္ဒ' အကြီးအမှူးရှိသော၊ အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ သိမှု 'စိတ္တ' အကြီးအမှူးရှိသော၊ စူးစမ်းမှု 'ဝီမံသ' အကြီးအမှူးရှိသော- လိုလားမှု 'ဆန္ဒ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော- အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-သိမှု 'စိတ်' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-စူးစမ်းမှု 'ဝီမံသ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ အသက်သတ်ခြင်းမှ အကြင် ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာ အနတိက္ကမ'၊ အကြွင်းမဲ့ ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝိရတိနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## စေတနာသီလ

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ အယုတ် အလတ် အမြတ်ဖြစ်သော၊ လိုလားမှု ‘ဆန္ဒ’ အကြီးအမှူးရှိသော၊ အားထုတ်မှု ‘ဝီရိယ’ အကြီးအမှူးရှိသော၊ သိမှု ‘စိတ္တ’ အကြီးအမှူးရှိသော၊ စူးစမ်းမှု ‘ဝီမံသ’ အကြီးအမှူး ရှိသော- လိုလားမှု ‘ဆန္ဒ’ အကြီးအမှူးရှိသော အယုတ် အလတ် အမြတ်ဖြစ်သော- အားထုတ်မှု ‘ဝီရိယ’ အကြီးအမှူးရှိသော အယုတ် အလတ် အမြတ်ဖြစ်သော-သိမှု ‘စိတ်’ အကြီးအမှူးရှိသော အယုတ် အလတ် အမြတ်ဖြစ်သော-စူးစမ်းမှု ‘ဝီမံသ’ အကြီးအမှူးရှိသော အယုတ် အလတ် အမြတ်ဖြစ်သော- ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ အကြင် စေ့ဆော်ခြင်း ‘စေတနာ’၊ စေ့ဆော် သော အခြင်းအရာ ‘သဉ္စေတနာ’၊ စေ့ဆော်တတ်သည်၏ အဖြစ် ‘သဉ္စေတယိတတ္တ’ သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် စေ့ဆော်မှု စေတနာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## သမ္ပယုတ္တသီလ

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ အယုတ် အလတ် အမြတ်ဖြစ်သော၊ လိုလားမှု ‘ဆန္ဒ’ အကြီးအမှူးရှိသော၊ အားထုတ်မှု ‘ဝီရိယ’ အကြီးအမှူးရှိသော၊ သိမှု ‘စိတ္တ’ အကြီးအမှူးရှိသော၊ စူးစမ်းမှု ‘ဝီမံသ’ အကြီး အမှူးရှိသော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ လိုလားမှု ‘ဆန္ဒ’ အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော- အားထုတ်မှု ‘ဝီရိယ’ အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ် ဖြစ်သော-သိမှု ‘စိတ္တ’ အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-စူးစမ်းမှု ‘ဝီမံသ’ အကြီး အမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-ကာမာဝစရကုသိုလ်စိတ် သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ အကြင် တွေ့ထိမှု ‘ဖဿ’။ပ။ ချီးမြှောက်မှု ‘ပဂ္ဂါဟ’၊ မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၁)

------

# သိက္ခာပဒဝိဘင်္ဂ

## မဟာကုသိုလ် ဒုတိယစိတ် စသည် အကျယ်

## ငါးပါးသီလ ပဌမသိက္ခာပုဒ်

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ။ပ။ (၂)

သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော အယုတ် အလတ် အမြတ်ဖြစ်သော၊ လိုလားမှု 'ဆန္ဒ' အကြီးအမှူးရှိသော၊ အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ သိမှု 'စိတ္တ' အကြီးအမှူးရှိသော- လိုလားမှု 'ဆန္ဒ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော- အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော- သိမှု 'စိတ္တ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ အသက်သတ်ခြင်းမှ အကြင် ဝေးစွာရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးသဖြင့် ရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝိရတိနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### စေတနာသီလ

။ပ။ ကြွင်းသော တရားတို့သည် စေ့ဆော်မှု 'စေတနာ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### သမ္ပယုတ္တသီလ

။ပ။ တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၈)

# သိက္ခာပဒဝိဘင်

## ငါးပါးသီလ ဒုတိယသိက္ခာပုဒ် စသည်

## မဟာကုသိုလ် ပဌမစိတ် အကျယ်

## ဝိရတိသီလ စသည်

၇၁၀။ ထိုတွင် အဘယ်သည် မပေးသည်ကို ယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

ကာမဂုဏ်တို့၌ မှားသော အကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ အယုတ် အလတ် အမြတ်ဖြစ်သော၊ လိုလားမှု 'ဆန္ဒ' အကြီးအမှူးရှိသော၊ အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ သိမှု 'စိတ္တ' အကြီးအမှူး ရှိသော၊ စူးစမ်းမှု 'ဝီမံသ' အကြီးအမှူးရှိသော-လိုလားမှု 'ဆန္ဒ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-သိမှု 'စိတ္တ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-စူးစမ်းမှု 'ဝီမံသ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-ကာမာဝစရကုသိုလ်စိတ် သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ မူးယစ် မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ အကြင် ဝေးစွာရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးသဖြင့် ရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို မူးယစ် မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ရှောင်ကြဉ်မှု ဝိရတိနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ပ။

ကြွင်းသော တရားတို့သည် စေတနာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ပ။

တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၁)

# သိက္ခာပဒဝိဘင်္ဂ

## မဟာကုသိုလ် ဒုတိယစိတ် စသည် အကျယ်

၇၁၁။ ထိုတွင် အဘယ်သည် မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၂)

သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော၊ အယုတ် အလတ် အမြတ်ဖြစ်သော၊ လိုချင်မှု 'ဆန္ဒ' အကြီးအမှူးရှိသော၊ အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ သိမှု 'စိတ္တ' အကြီးအမှူးရှိသော-လိုလားမှု 'ဆန္ဒ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-သိမှု 'စိတ္တ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော-ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ အကြင် ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့ ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ရှောင်ကြဉ်မှု ဝိရတိနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။ပ။

ကြွင်းသော တရားတို့သည် စေ့ဆော်မှု 'စေတနာ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။ပ။

တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၈)

------

# သိက္ခာပဒဝိဘင်္ဂ

## သိက္ခာပဒ၌ သိက္ခာအရ တရားများ

### မဟာကုသိုလ်ပဌမစိတ်

၇၁၂။ အဘယ်တရားတို့သည် ကျင့်အပ်သော သိက္ခာတို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့်ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော ။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကျင့်အပ်သော 'သိက္ခာ' တို့ မည်ကုန်၏။ (၁)

### မဟာကုသိုလ် ဒုတိယစိတ်စသည်

အဘယ်တရားတို့သည် ကျင့်အပ်သော 'သိက္ခာ' တို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၂)

သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော ။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကျင့်အပ်သော 'သိက္ခာ' တို့ မည်ကုန်၏။ (၈)

# သိက္ခာပဒဝိဘင်

## ရူပကုသိုလ် စသည်

၇၁၃။ အဘယ်တရားတို့သည် ကျင့်အပ်သော “သိက္ခာ” တို့ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ အားထုတ်၏။ပ။

အရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများအားထုတ်၏။ပ။

မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ္ဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ ဤတရားတို့သည် ကျင့်အပ်သော ‘သိက္ခာ’ တို့ မည်ကုန်၏။

**အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသော အဘိဓမ္မဘာဇနီယနည်း ပြီး၏။**

------

# သိက္ခာပဒဝိဘင်

## ၂ - ပဥှာပုစ္ဆကနည်း

## (အမေးအဖြေပြု၍ ဟောကြားခြင်း)

၇၁၄။ သိက္ခာပုဒ်ငါးပါးတို့ကား-

(၁) အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၂) မပေးသည်ကိုယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၃) ကာမဂုဏ်တို့၌ မှားသော အကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၄) မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၅) မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်တို့တည်း။

------

## ငါးပါးသီလတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍

## အမေးပုစ္ဆာနည်း သက်သက်ကိုပြခြင်း

၇၁၅။ သိက္ခာပုဒ် ငါးပါးတို့တွင်-ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

ကိလေသာနှင့်တကွဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကိလေသာနှင့်တကွ မဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

------

# သိက္ခာပဒဝိဘင်္ဂ

## ငါးပါးသီလတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍

## အဖြေဝိသဇ္ဇနာကို ပြခြင်း

## ၁ - တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ပြခြင်း

### (၁) ကုသလတိက်

၇၁၆။ (ငါးပါးသီလတို့သည်) ကုသိုလ်တို့သာတည်း။

### (၂) ဝေဒနာတိက်

(ငါးပါးသီလတို့သည်) ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

### (၃) ဝိပါကတိက်

(ငါးပါးသီလတို့သည်) အကျိုးကို ဖြစ်စေခြင်း သဘောတရား ရှိကုန်၏။

### (၄) ဥပါဒိန္နတိက်

(ငါးပါးသီလတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်မူ၍ ဥပါဒါနိတို့၏ အစီးအပွါးသာ ဖြစ်ကုန်၏။

### (၅) သံကိလိဋ္ဌတိက်

(ငါးပါးသီလတို့သည်) ကိလေသာတို့ ပူပန်စေအပ်သည်ကား မဟုတ်၊ ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏။

### (၆) ဝိတက္ကတိက်

(ငါးပါးသီလတို့သည်) ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။

### (၇) ပီတိတိက်

(ငါးပါးသီလတို့သည်) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

### (၈) ဒဿနတိက်

(ငါးပါးသီလတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သည်လည်း မဟုတ်ကုန်။

**(၉) ဒဿနဟေတုတိက်**

(ငါးပါးသီလတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ် သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

**(၁၀) အာစယဂါမိတိက်**

(ငါးပါးသီလတို့သည်) စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏။

**(၁၁) သေက္ခတိက်**

(ငါးပါးသီလတို့သည်) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်။

**(၁၂) ပရိတ္တတိက်**

(ငါးပါးသီလတို့သည်) နည်းသော အာနုဘော်ရှိသော 'ပရိတ္တ' မည်သော (ကာမ) တရားတို့ ဖြစ်ကုန် ၏။

**(၁၃) ပရိတ္တာရမ္မဏတိက်**

(ငါးပါးသီလတို့သည်) ပရိတ္တ(ကာမ) တရားကို အာရုံပြုကုန်၏။

**(၁၄) ဟီနတိက်**

(ငါးပါးသီလတို့သည်) အလတ် 'မဇ္ဈိမ' ဖြစ်ကုန်၏။

**(၁၅) မိစ္ဆတ္တတိက်**

(ငါးပါးသီလတို့သည်) အကျိုးပေး မမြဲကုန်။

**(၁၆) မဂ္ဂါရမ္မဏတိက်**

(ငါးပါးသီလတို့ကို) မဂ်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြောင်း ရှိကုန်၏ဟူ၍ လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြီးအမှူး ရှိကုန်၏ဟူ၍ လည်းကောင်း မဆိုအပ် ကုန် (တိက်မုတ်)။

**(၁၇) ဥပ္ပန္နတိက်**

(ငါးပါးသီလတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ကုန်။ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။

**(၁၈) အတီတတိက်**

(ငါးပါးသီလတို့သည်) ရံခါ ဖြစ်ပြီး (အတိတ်) ဖြစ်ကုန်၏။ ရံခါ မရောက်သေး (အနာဂတ်) ဖြစ်ကုန် ၏။ ရံခါ ဖြစ်ဆဲ (ပစ္စုပ္ပန်) ဖြစ်ကုန်၏။

**(၁၉) အတီတာရမ္မဏတိက်**

(ငါးပါးသီလတို့သည်) ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏။

**(၂၀) အဇ္ဈတ္တတိက်**

(ငါးပါးသီလတို့သည်) ရံခါ မိမိသန္တာန်၌ ဖြစ်ကုန်၏။ ရံခါ သူတစ်ပါးသန္တာန်၌ ဖြစ်ကုန်၏။ ရံခါ မိမိ သူတစ်ပါးသန္တာန်၌ ဖြစ်ကုန်၏။

**(၂၁) အဇ္ဈတ္တာရမ္မဏတိက်**

(ငါးပါးသီလတို့သည်) သူတစ်ပါးသန္တာန်ကို အာရုံပြုကုန်၏။

**(၂၂) သနိဒဿနတိက်**

(ငါးပါးသီလတို့သည်) မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

------

# သိက္ခာပဒဝိဘင်္ဂ

## ၂ - ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## ဟေတုဂေါစ္ဆကအဖြေ

**(၁) ဟေတုဒုက်**

၇၁၇။ (ငါးပါးသီလတို့သည်) ဟိတ် မမည်ကုန်။

**(၂) သဟေတုကဒုက်**

(ငါးပါးသီလတို့သည်) ဟိတ် ရှိကုန်၏။

**(၃) ဟေတုသမ္ပယုတ္တဒုက်**

(ငါးပါးသီလတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

**(၄) ဟေတုသဟေတုကဒုက်**

(ငါးပါးသီလတို့ကို) ဟိတ်လည်းမည် ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်သာရှိ၍ ဟိတ် မမည်ကုန်။

**(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်**

(ငါးပါးသီလတို့ကို) ဟိတ်လည်းမည် ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။

**(၆) နဟေတုသဟေတုကဒုက်**

(ငါးပါးသီလတို့သည်) ဟိတ် မမည်မူ၍ ဟိတ်သာ ရှိကုန်၏။

# သိက္ခာပဒဝိဘင်္ဂ

## စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

**(၇) သပ္ပစ္စယဒုက်**

(ငါးပါးသီလတို့သည်) ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်း ရှိကုန်၏။

**(၈) သင်္ခတဒုက်**

(ငါးပါးသီလတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

**(၉) သနိဒဿနဒုက်**

(ငါးပါးသီလတို့သည်) မြင်အပ်သော သဘော မရှိကုန်။

**(၁၀) သပ္ပဋိဃဒုက်**

(ငါးပါးသီလတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

**(၁၁) ရူပီဒုက်**

(ငါးပါးသီလတို့သည်) နာမ်တရား ဖြစ်ကုန်၏။

**(၁၂) လောကိယဒုက်**

(ငါးပါးသီလတို့သည်) လောက၌ အကျုံးဝင်ကုန်၏။

**(၁၃) ကေနစိဝိညေယျဒုက်**

(ငါးပါးသီလတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်ကုန်၏၊ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောမရှိကုန်။

# သိက္ခာပဒဝိဘင်္ဂ

## အာသဝဂေါစ္ဆကအဖြေ

**(၁၄) အာသဝဒုက်**

(ငါးပါးသီလတို့သည်) အာသဝ မမည်ကုန်။

**(၁၅) သာသဝဒုက်**

(ငါးပါးသီလတို့သည်) အာသဝ၏ အာရုံဖြစ်ကုန်၏။

**(၁၆) အာသဝသမ္ပယုတ္တဒုက်**

(ငါးပါးသီလတို့သည်) အာသဝနှင့် မယှဉ်ကုန်။

**(၁၇) အာသဝသာသဝဒုက်**

(ငါးပါးသီလတို့ကို) အာသဝလည်းမည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ (ငါးပါးသီလတို့သည်) အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်။

**(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်**

(ငါးပါးသီလတို့ကို) အာသဝလည်းမည်, အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဒုက်မုတ်)။

**(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်**

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏။

## သံယောဇနဂေါစ္ဆကအဖြေ

**(၂၀-၂၅) သံယောဇနဒုက်**

(ငါးပါးသီလတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

# သိက္ခာပဒဝိဘင်္ဂ

## ဂန္ထဂေါစ္ဆကအဖြေ

**(၂၆-၃၁) ဂန္ထဒုက်**

(ငါးပါးသီလတို့သည်) ဂန္ထမမည်ကုန်။ပ။

## ဩဃဂေါစ္ဆကအဖြေ

**(၃၂-၃၇) ဩဃဒုက်**

(ငါးပါးသီလတို့သည်) ဩဃ မမည်ကုန်။ပ။

## ယောဂဂေါစ္ဆကအဖြေ

**(၃၈-၄၃) ယောဂဒုက်**

(ငါးပါးသီလတို့သည်) ယောဂ မမည်ကုန်။ပ။

## နီဝရဏဂေါစ္ဆကအဖြေ

**(၄၄-၄၉) နီဝရဏဒုက်**

(ငါးပါးသီလတို့သည်) နီဝရဏ မမည်ကုန်။ပ။

## ပရာမာသဂေါစ္ဆကအဖြေ

**(၅၀-၅၄) ပရာမာသဒုက်**

(ငါးပါးသီလတို့သည်) ပရာမာသ မမည်ကုန်။ပ။

**မှတ်ချက်။** ။သံယောဇနဂေါစ္ဆကမှ ပရာမာသဂေါစ္ဆကအထိ ပေယျာလများကို အာသဝဂေါစ္ဆက အတိုင်း ဖေါ်၍ ဟောရမည်။

# သိက္ခာပဒဝိဘင်္ဂ

## မဟန္တရဒုက်အဖြေ

**(၅၅) သာရမ္ဘဒုက်**

(ငါးပါးသီလတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

**(၅၆) စိတ္တဒုက်**

(ငါးပါးသီလတို့သည်) စိတ် မမည်ကုန်။

**(၅၇) စေတသိကဒုက်**

(ငါးပါးသီလတို့သည်) စေတသိက် မည်ကုန်၏။

**(၅၈) စိတ္တသမ္ပယုတ္တဒုက်**

(ငါးပါးသီလတို့သည်) စိတ်နှင့် ယှဉ်ကုန်၏။

**(၅၉) စိတ္တသံသဋ္ဌဒုက်**

(ငါးပါးသီလတို့သည်) စိတ်နှင့် နှီးနှောကုန်၏။

**(၆၀) စိတ္တသမုဋ္ဌာနဒုက်**

(ငါးပါးသီလတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

**(၆၁) စိတ္တသဟဘူဒုက်**

(ငါးပါးသီလတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်**

(ငါးပါးသီလတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်**

(ငါးပါးသီလတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်**

(ငါးပါးသီလတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်**

(ငါးပါးသီလတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၆) အဇ္ဈတ္တိကဒုက်**

(ငါးပါးသီလတို့သည်) အပသန္တာန်၌ ဖြစ်ကုန်၏။

**(၆၇) ဥပါဒါဒုက်**

(ငါးပါးသီလတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

**(၆၈) ဥပါဒိန္နဒုက်**

(ငါးပါးသီလတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

## ဥပါဒါနဂေါစ္ဆကအဖြေ

**(၆၉-၇၄) ဥပါဒါနဒုက်**

(ငါးပါးသီလတို့သည်) ဥပါဒါန်မမည်ကုန်။ပ။

## ကိလေသဂေါစ္ဆကအဖြေ

**(၇၅-၈၂) ကိလေသဒုက်**

(ငါးပါးသီလတို့သည်) ကိလေသာ မမည်ကုန်။ပ။

**မှတ်ချက်။** ။ဥပါဒါနဂေါစ္ဆကနှင့် ကိလေသ ဂေါစ္ဆကကိုလည်း အာသဝ ဂေါစ္ဆကကဲ့သို့ ပေယျာလ ဖော်၍ ဟောရမည်။

# သိက္ခာပဒဝိဘင်္ဂ

## ပိဋ္ဌိဒုက်အဖြေ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက်**

(ငါးပါးသီလတို့ကို) သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်**

(ငါးပါးသီလတို့ကို) အထက်မဂ်သုံးခုသည် မပယ်အပ်ကုန်။

**(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်**

(ငါးပါးသီလတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ် မရှိကုန်။

**(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်**

(ငါးပါးသီလတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ် မရှိကုန်။

**(၈၇) သဝိတက္ကဒုက်**

(ငါးပါးသီလတို့သည်) ဝိတက် ရှိကုန်၏။

**(၈၈) သဝိစာရဒုက်**

(ငါးပါးသီလတို့သည်) ဝိစာရ ရှိကုန်၏။

**(၈၉) သပ္ပီတိကဒုက်**

(ငါးပါးသီလတို့သည်) ရံခါ ပီတိ ရှိကုန်၏၊ ရံခါ ပီတိ မရှိကုန်။

**(၉၀) ပီတိသဟဂတဒုက်**

(ငါးပါးသီလတို့သည်) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ ပီတိနှင့်တကွ မဖြစ်ကုန်။

**(၉၁) သုခသဟဂတဒုက်**

(ငါးပါးသီလတို့သည်) ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၂) ဥပေက္ခာသဟဂတဒုက်**

(ငါးပါးသီလတို့သည်) ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၃) ကာမာဝစရဒုက်**

(ငါးပါးသီလတို့သည်) ကာမာဝစရ ဖြစ်ကုန်၏။

**(၉၄) ရူပါဝစရဒုက်**

(ငါးပါးသီလတို့သည်) ရူပါဝစရ မဖြစ်ကုန်။

**(၉၅) အရှုပါဝစရဒုက်**

(ငါးပါးသီလတို့သည်) အရှုပါဝစရ မဖြစ်ကုန်။

**(၉၆) ပရိယာပန္နဒုက်**

(ငါးပါးသီလတို့သည်) ဝဋ္ဋ်တရား၌ အကျုံးဝင်ကုန်၏။

**(၉၇) နိယျာနိကဒုက်**

(ငါးပါးသီလတို့သည်) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

**(၉၈) နိယတဒုက်**

(ငါးပါးသီလတို့သည်) အကျိုးပေး မမြဲကုန်။

**(၉၉) သဉတ္တရဒုက်**

(ငါးပါးသီလတို့သည်) မိမိထက် လွန်မြတ်သောတရား ရှိကုန်၏။

**(၁၀၀) သရဏဒုက်**

(ငါးပါးသီလတို့သည်) ငိုကြွေးကြောင်း ရာဂစသော ကိလေသာ မရှိကုန်။

**အမေးအဖြေပြု၍ ဟောကြားသော ပဉှာပုစ္ဆကနည်းပြီး၏။**

## သိက္ခာပုဒ်တို့ကို ဝေဖန်ပြသော

## သိက္ခာပဒဝိဘင်း ပြီးပြီ။

------